ကန့်သတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံစာရင်းကောင်စီ

## ရုံးအမိန့်

အမှတ် ။ ၂၅ ။ ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ မတ်လ (၂၅) ရက်

အကြောင်းအရာ။ သင်တန်းတက်ရောက်ချိန် ၆၀ ရာခိုင်နှုန်း မပြည့်သူများအား စာမေးပွဲဖြေဆိုခွင့်မပြုခြင်း

၁။ အတတ်ပညာဆိုင်ရာသင်တန်းများတွင် အပြည်ပြည်ဆိုင်ရာကလက်ခံကျင့်သုံးသည့်မူအတိုင်း ယခင်က မြန်မာနိုင်ငံစာရင်းကောင်စီက ဖွင့်လှစ်သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း နှင့် ဒီပလိုမာစာရင်းကိုင်သင်တန်းများတွင် သင်တန်းတက်ရောက်ချိန် ၇၅ ရာခိုင်နှုန်း ပြည့်မှသာ စာမေးပွဲဖြေဆိုခွင့်ပြုခဲ့ပါသည်။

၂။ သို့ရာတွင် အဆိုပါသင်တန်းများသို့ တက်ရောက်သူများတွင် နိုင်ငံ့ဝန်ထမ်းများပါရှိသဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း ပညာဆက်လက်ဆည်းပူးနိုင်စေရေးကိုရည်ရွယ်၍ သင်တန်းတက်ရောက်ချိန် ၇၅ ရာခိုင်နှုန်းအစား ၆၀ ရာခိုင်နှုန်းသို့ လျှော့ပေါ့ခွင့် ပြုခဲ့ပါသည်။

၃။ ယခုအခါ သင်တန်းတက်ရောက်ချိန် ၆၀ ရာခိုင်နှုန်းမပြည့်သူများက ၆၀ ရာခိုင်နှုန်း မပြည့်ရသည့်အကြောင်းပြချက်များဖော်ပြ၍ စာမေးပွဲဖြေဆိုခွင့်ပြုရန် လျှောက်ထားလာသည်များ ရှိပါသည်။

၄။ အတတ်ပညာဆိုင်ရာသင်တန်းများဖြစ်သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း နှင့် ဒီပလိုမာစာရင်းကိုင်သင်တန်းများတွင် သင်တန်းတက်ရောက်ချိန် ၆၀ ရာခိုင်နှုန်းမပြည့်ပါက မည်သည့်အကြောင်းပြချက်ကိုမှလက်ခံစဉ်းစား၍ စာမေးပွဲဖြေဆိုခွင့်ပြုမည်မဟုတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(ခင်စန်းဦး၊အတွင်းရေးမှူး)

စာအမှတ်၊ မစက/ ၄၀၀ / (၁၅၇/၂၀၁၅) ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ မတ်လ (၂၅) ရက်

ဖြန့်ဝေခြင်း
 ကြော်ငြာသင်ပုန်းများ (ရန်ကုန်/နေပြည်တော်သင်တန်းကျောင်း)
မိတ္တူ
 ရုံးလက်ခံ
 မျှော

ကန့်သတ်